
စာစဉ် – ၄၃
ပန်းဗူဆိုး
Flower Stealing Master
ဘာသာပြန် – တာအိုကျောင်းသား

## အခန်း (၇၁၁) အမှန်တရားကို ဖွင့်ချခြင်း

*

ဟွမ်ရုံသည် နောက်ဆုံး မေးခွန်းကို ဖြေပြီးပါက ယနေ့ည၏ စကားဝိုင်းကို အဆုံးသတ်ရန် အေးအေးဆေးဆေး စောင့်ဆိုင်းနေခဲ့သည်။ သို့သော် စုန့်ချင်းရှူထံမှ ထိုကဲ့သို့သော စကားမျိုး ထွက်လာလိမ့်မည်ဟု သူမ လုံးဝ မထင်မှတ်ထားခဲ့ပေ။

စုန့်ချင်းရှူ၏ အသံက အလွန် တိုးညင်းသော်လည်း ထိုစကားလုံး အနည်းငယ်က ဟွမ်ရုံ၏ နားထဲတွင် မိုးကြိုးပစ်ချလိုက်သကဲ့သို့ အလွန် ကျယ်လောင်စွာ မြည်ဟည်းသွားတော့သည်။

"သူ သိသွားပြီ... သူ သိသွားပြီ။"

ဟွမ်ရုံ၏ မျက်စိရှေ့တွင် အမှောင်ကျသွားပြီး နူးညံ့သော ခန္ဓာကိုယ်လေး ချက်ချင်း တောင့်တင်းသွားကာ မြေကြီးပေါ်သို့ ခွေယိုင်ကျသွားလုနီးပါး ဖြစ်သွားသည်။

စုန့်ချင်းရှူက သူမ လဲမကျသွားစေရန် ပခုံးကို အလျင်အမြန် လှမ်းကိုင်လိုက်ပြီး အပြုံးဖြင့် မေးလိုက်သည်။ "ဘာလဲ... ဒီမေးခွန်းက ဖြေဖို့ အရမ်း ခက်နေလို့လား။"

မျက်စိရှေ့ရှိ မုန်းစရာကောင်းသော အပြုံးကို ကြည့်ရင်း ဟွမ်ရုံသည် သူ့ကို လည်ပင်းညှစ်သတ်ချင်စိတ်များ ပေါက်လာသည်။ 'ဒီမေးခွန်းက ဖြေဖို့ ခက်၊ မခက် ရှင် မသိဘူးလား။'

"သူက ဘယ်လိုလုပ် သိသွားတာလဲ။ ငါက အရာအားလုံးကို ဟာကွက်မရှိအောင် သေချာ စီစဉ်ထားခဲ့တာပဲ။ သူ လုံးဝ မသိနိုင်ပါဘူး။" ဟွမ်ရုံ၏ စိတ်ထဲတွင် ပြာယာခတ်နေပြီး စုန့်ချင်းရှူကို ချက်ချင်း ပြန်မဖြေနိုင်တော့ဘဲ ခေါင်းထဲတွင် အလျင်အမြန် စဉ်းစားနေတော့သည်။

သို့သော် အတွေးအနည်းငယ် တွေးပြီးသည်နှင့် ထိုမေးခွန်း၏ အဖြေကို ရှာဖွေရန် သူမ လက်လျှော့လိုက်သည်။ မည်သို့ပင်ဖြစ်စေ တစ်ဖက်လူက သိသွားပြီ ဖြစ်ရာ ဘယ်နေရာမှာ ဟာကွက် ပေါ်သွားသလဲ ဆိုသည်ကို ဆက်လက် စဉ်းစားနေ၍လည်း ဘာမှ အကျိုးမရှိတော့ပေ။ ထို့ကြောင့် ဟွမ်ရုံသည် လက်ရှိ အခြေအနေကို မည်သို့ ပြန်လည် ကုစားရမည်နည်း ဆိုသည်ကိုသာ လျင်မြန်စွာ စဉ်းစားလိုက်သည်။

'အစ်ကိုကျင့်ကို လုံးဝ သိခွင့်ပေးလို့ မဖြစ်ဘူး။'

ဤသည်မှာ ဟွမ်ရုံ၏ ခေါင်းထဲတွင် ပထမဆုံး ပေါ်လာသော အတွေးပင် ဖြစ်သည်။ သို့သော် ဤကိစ္စက မည်မျှလောက် ခက်ခဲမည်ကိုလည်း သူမ ကောင်းကောင်း သိသည်။ စုန့်ချင်းရှူ သည် သူမကို ရေရှည် ပိုင်ဆိုင်နိုင်ရန်အတွက် ဤအချက်ကို အသုံးပြု၍ သေချာပေါက် ခြိမ်းခြောက်လာလိမ့်မည်။ အစ်ကိုကျင့် မသိအောင် ဖုံးကွယ်ထားရန်အတွက်၊ အစ်ကိုကျင့်ကို သစ္စာဖောက်ရမယ့် အလုပ်တွေကို ထပ်ပြီး လုပ်ရတော့မှာလား။

ဟွမ်ရုံ၏ ပင်ကိုယ်စရိုက်က အလွယ်တကူ အရှုံးပေးတတ်သူ မဟုတ်ရာ လျင်မြန်စွာပင် ဆုံးဖြတ်ချက် ချလိုက်သည်။ အကယ်၍ စုန့်ချင်းရှူက သူမကို တကယ်ပဲ ခြိမ်းခြောက်လာမည် ဆိုလျှင် အမှားအပေါ် အမှား ဆက်မလုပ်တော့ဘဲ အစ်ကိုကျင့်ကို အမှန်တရား အားလုံး ဖွင့်ပြောပြလိုက်တော့မည်။

သို့သော် သူမ ဖွင့်ပြောပြမည် ဆိုပါကလည်း သူတို့ လင်မယား နှစ်ယောက် ခိုင်ဖုန်းမြို့မှ ဘေးကင်းစွာ ထွက်ခွာပြီးမှသာ ပြောပြနိုင်မည်

ဖြစ်ကြောင်း ဟွမ်ရုံ သိသည်။ မဟုတ်ပါက ဘာတွေ ဆက်ဖြစ်လာမည်ကို ဘယ်သူမှ မခန့်မှန်းနိုင်ပေ။

ပထမအချက် အနေဖြင့် အစ်ကိုကျင့်က ဒေါသထွက်ပြီး စုန့်ချင်းရှုကို သတ်ရန် ကြိုးစားမည်မှာ သေချာသည်။ သို့သော် သူက ဒဏ်ရာ အပြင်းအထန် ရထားသဖြင့် စုန့်ချင်းရှု၏ ပြိုင်ဘက် လုံးဝ မဟုတ်ပေ။ ဒုတိယအချက် အနေဖြင့် စုန့်ချင်းရှုက ကိစ္စများ ပေါက်ကြားသွားသဖြင့် ရက်ရမ်းရမ်းကာ လူသတ် နှုတ်ပိတ်သွားနိုင်သည်။ ထို့နောက် ဤကိစ္စ အားလုံးကို ကျင်းနိုင်ငံသားများအပေါ် ပုံချလိုက်မည် ဆိုပါက တကယ်ကို သဲလွန်စ ရှာမရနိုင်အောင် ဖုံးဖိသွားနိုင်မည် ဖြစ်သည်။

ဟွမ်ရုံ၏ စိတ်များ ရှုပ်ထွေးနေသော်လည်း အရာအားလုံးကို စနစ်တကျ စဉ်းစားတွက်ချက်ကာ နောက်ဆုံး ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လိုက်သည်။ 'စုန့်ချင်းရှုနဲ့ အရင်ဆုံး အလိုက်သင့် ဟန်ဆောင်နေလိုက်မယ်။ ငါနဲ့ အစ်ကိုကျင့် ရှန်းယန်မြို့ကို ဘေးကင်းကင်း ပြန်ရောက်တဲ့ အခါကျမှ အစ်ကိုကျင့်ကို ဖွင့်ပြောပြလိုက်တော့မယ်။'

"ရုံအာ... ရုံအာ..." ဟွမ်ရုံက အချိန်အကြာကြီး ငြိမ်သက်နေပြီး ခန္ဓာကိုယ်လည်း ပြင်းထန်စွာ တုန်ရီနေသည်ကို မြင်သောအခါ စုန့်ချင်းရှုက မနေနိုင်ဘဲ သူမကို ကိုင်လှုပ်လိုက်သည်။ "မင်း ဘာမှ မဖြစ်ပါဘူးနော်။"

ဟွမ်ရုံ မျက်နှာ ဖြူရော်စွာဖြင့် အတင်း ပြုံးပြလိုက်သည်။ "ဘာမှ မဖြစ်ပါဘူး။" စုန့်ချင်းရှု ၏ ဘာမှ မသိသလို ဟန်ဆောင်နေသော မျက်နှာကို ကြည့်ရင်း သူမ တိတ်တဆိတ် လှောင်ပြောင်လိုက်မိသည်။ 'တကယ် ဟန်ဆောင်ကောင်းတဲ့ လူပဲ!'

"ဒါဆို... အခု ငါ့ကို အဖြေ ပြောပြလို့ ရပြီလား။" စုန့်ချင်းရှုက သူမ၏ မျက်လုံးများကို စူးစိုက်ကြည့်ကာ မေးလိုက်သည်။

အမှန်တကယ်တော့ မနေ့ညက စုန့်ချင်းရှုသည် သူနှင့် နီးနှောပြီးချိန်ကတည်းက ဟွမ်ရုံ၏ စိတ်ထဲတွင် အဖြေ ရှိနေပြီး ဖြစ်သည်။ သို့သော် ထိုကဲ့သို့သော စကားမျိုးကို သူမ ဘယ်လိုလုပ် ထုတ်ပြောရမည်နည်း။ ထို့အပြင် ဤကိစ္စက ခင်ပွန်းသည်၏ ဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်နေသေးသည်။ သူမက ခင်ပွန်းသည်ကို သစ္စာဖောက်ပြီးပြီ ဖြစ်ရာ တခြားယောကျ်ားတစ်ယောက်၏ ရှေ့တွင် သူ၏ ဂုဏ်သိက္ခာကို ထပ်ပြီး ဘယ်လိုလုပ် နင်းချေရက်မည်နည်း။

ဟွမ်ရုံ လေကို ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီး အဓိပ္ပါယ် နှစ်ခွ ထွက်စေသော လေသံဖြင့် ပြန်ဖြေလိုက်သည်။ "ရှင်ကိုယ်တိုင်ကော ဘယ်သူ ပိုတယ်လို့ ထင်လဲ။"

"ငါက ဘယ်လိုလုပ် သိမှာလဲ။" စုန့်ချင်းရှုက ပခုံးတွန့်ပြလိုက်သည်။ "ရုံအာက ကိုယ်တိုင် ကိုယ်ကျ ခံစားဖူးတာ ဆိုတော့... မင်း တစ်ယောက်တည်းကသာ အသိဆုံး ဖြစ်မှာပေါ့။"

'တကယ် အရှက်မရှိတာပဲ။'

ဟွမ်ရုံ တိတ်တဆိတ် တံတွေးထွေးလိုက်မိသည်။ သူမ ကော်ကျင့်နှင့် လက်ထပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်သော်လည်း သူတို့ လင်မယား နှစ်ယောက်တည်း ရှိနေချိန်တွင်ပင် ဤမျှလောက် ပွင့်လင်းသော စကားမျိုး တစ်ခါမှ မပြောဖူးခဲ့ပေ။ ဤယောကျ်ား၏ မျက်နှာပြောင်တိုက်မှုက တကယ်ကို မြို့ရိုးထက်ပင် ပိုထူနေသေးသည်။

"ဒါပေါ့ အစ်ကိုကျင့်က ပိုတာပေါ့။" ဟွမ်ရုံ မျက်စိမှိတ်ပြီး စိတ်ထဲက မပါသော စကားကို အတင်း ပြောချလိုက်သည်။

"ဟင်။" စုန့်ချင်းရှု မျက်မှောင်ကြုတ်သွားပြီး လုံးဝ မယုံကြည်နိုင်သည့် မျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။ "ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။" ဟွမ်ရုံက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

"ဒါပေမယ့် အားကျိုးတို့၊ ကျိုးမိန်းကလေးတို့ အားလုံးက... ငါ့ရဲ့ ကြီးမားမှု အောက်မှာ အရှုံးပေးထားရတာချည်းပဲလေ။" စုန့်ချင်းရှုက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။

စုန့်ချင်းရှု၏ စကားများက ပိုပိုပြီး လွန်ကဲလာသည်ကို မြင်သောအခါ ဟွမ်ရုံ စိတ်ထဲတွင် ကျိန်ဆဲလိုက်မိသော်လည်း ယခု အခြေအနေအထိ ရောက်နေပြီ ဖြစ်ရာ သူမ ဆက်လက် ငြင်းဆိုနေရုံသာ ရှိတော့သည်။ "သူတို့မှ အစ်ကိုကျင့်ရဲ့ အခြေအနေကို မသိတာ။"

"ဒါလည်း ဟုတ်တာပဲ။" စုန့်ချင်းရှုက ဝမ်းနည်းစွာဖြင့် ခေါင်းညိတ်လိုက်သည်။ "ငါ့ရဲ့ ရည်မှန်းချက်က အလွန် ကြီးမားတယ်လို့ ထင်ထားခဲ့တာ။ ကော်သူရဲကောင်းကြီးရဲ့ ရည်မှန်းချက်က ပိုကြီးနေလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ သူက တစ်ကမ္ဘာလုံးကိုများ သိမ်းပိုက်ချင်နေတာလား မသိဘူး။"

ဟွမ်ရုံ ချက်ချင်း ကြောင်သွားသည်။ "ရှင်... ရှင် မေးတာက ဘယ်သူ့ရဲ့ ရည်မှန်းချက်က ပိုကြီးလဲ ဆိုတာကို မေးတာလား။"

"ဒါမှမဟုတ် မင်းက ဘာထင်နေလို့လဲ။" စုန့်ချင်းရှုက သူမကို ပြုံးစိစိဖြင့် ကြည့်ကာ မေးလိုက်သည်။

ဟွမ်ရုံ၏ စောစောက အနည်းငယ် ဖြူရော်နေသော မျက်နှာလေးမှာ ချက်ချင်း ရဲတက်သွားပြီး မြေကြီးထဲ ချက်ချင်း တိုးဝင်သွားချင်စိတ်များ ပေါက်လာတော့သည်။

စုန့်ချင်းရှု၏ အသံက အချိန်ကိုက် ထွက်ပေါ်လာသည်။ "ရုံအာ... ခုနက မင်း နှိုင်းယှဉ်နေတာက ဘာကို နှိုင်းယှဉ်နေတာလဲ။"

ဟွမ်ရုံက ဒေါသတကြီးဖြင့် ပြန်ပြောလိုက်သည်။ "မသိဘူး။"

"တကယ်လား။" စုန့်ချင်းရှု၏ အပြုံးက ပိုမို တောက်ပလာသည်။ "ဒါပေမယ့် ခုနက မင်းပြောတဲ့ စကားကို နားထောင်ရတာ... ဟို... ဟိုဟာကို နှိုင်းယှဉ်နေသလိုပဲနော်။"

ဟွမ်ရုံမှာ ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်သွားပြီး ချက်ချင်း နောက်လှည့်ကာ ခြေဆောင့်လိုက်သည်။ "ရှင် ဘာတွေ ပြောနေမှန်း ကျွန်မ နားမလည်ဘူး။"

စုန့်ချင်းရှုက သူမ၏ စကားကို ဂရုမစိုက်ဘဲ ဆက်ပြောလိုက်သည်။ "ရုံအာက အစ်ကိုကျင့်ရဲ့ အရွယ်အစားကို သိတာက ထားပါတော့၊ ဒါပေမယ့် ငါ့ရဲ့ အရွယ်အစားကိုကျတော့ ဘယ်လိုလုပ် သိနေရတာလဲ။"

ဟွမ်ရုံ လေကို ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီး ရှုပ်ထွေးနေသော အသက်ရှူသံများကို တည်ငြိမ်အောင် ပြန်လည် ထိန်းချုပ်လိုက်သည်။ "သခင်လေးစုန့်... ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကိုယ် လေးစားပါ။" ဟု ပြောလိုက်သည်။

"ကိုယ့်ကိုယ်ကိုယ် လေးစားရမယ်" စုန့်ချင်းရှု၏ အသံက လွင့်မျောလာသလို ဖြစ်သွားသည်။ "ဒါပေမယ့်... မကြာသေးခင်က ရုံအာရဲ့ အင်္ကျီရင်ဘတ်ထဲကနေ ငါ မတော်တဆ မြင်လိုက်ရတာ... မင်းရဲ့ ခန္ဓာကိုယ် ပေါ်မှာ အနမ်းရာတွေ အများကြီး ရှိနေသလိုပဲ။ ငါ့မှတ်ဉာဏ် မမှားဘူး ဆိုရင်... အဲဒီအချိန်တုန်းက ကော်သူရဲကောင်းကြီးက အကျဉ်းထောင်ထဲမှာပဲ ရှိနေသေးတာလေ။"

ဟွမ်ရုံ ရင်ထဲတွင် 'ဒိတ်'ခနဲ ဖြစ်သွားပြီး အင်္ကျီရင်ဘတ်ကို အလိုအလျောက် ဖုံးအုပ်လိုက်မိသည်။ ထိုအခါမှသာ ဟာကွက်က ဘယ်နေရာမှာ ရှိနေသလဲ ဆိုတာကို သူမ သဘောပေါက်သွားပြီး စုန့်ချင်းရှုက

စောစောကတည်းက သူမကို တမင်တကာ ကစားနေခြင်း ဖြစ်ကြောင်းကို လည်း ရှင်းလင်းစွာ သိလိုက်ရတော့သည်။

"သခင်လေးစုန့်... ရှင် ဘာပြောချင်တာလဲ ဆိုတာကို ကျွန်မ နားမလည်ဘူး။" ဟွမ်ရုံက ဘာမှ မသိသလို ဟန်ဆောင်ကာ ပြုံးပြီး ပြန်ပြောလိုက်သည်။

"အဲဒီ ကံကောင်းတဲ့ ယောက်ျားက ဘယ်သူလဲ ဆိုတာကို ငါ သိချင်လို့ပါ။" စုန့်ချင်းရှုက သူမကို လောင်ကျွမ်းတော့မတတ် အကြည့်များဖြင့် စူးစိုက်ကြည့်နေသည်။

ဟွမ်ရုံက အကြည့်လွှဲကာ သဘာဝမကျစွာ ပြန်ပြောလိုက်သည်။ "ရှင် အတွေးလွန်နေပြီ။ ဘယ်ယောက်ျားမှ မရှိပါဘူး။"

စုန့်ချင်းရှုက အသာပြုံးလိုက်သည်။ "ရုံအာ... တကယ်တော့ ငါတို့ နှစ်ယောက် ကြားမှာ ဒီလိုမျိုး အပြန်အလှန် စမ်းသပ်နေဖို့ မလိုတော့ဘူး။ စကားတွေကို ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့။"

ဟွမ်ရုံ ရင်ထဲတွင် လန့်သွားပြီး သူ ဘာပြောမလဲ ဆိုသည်ကို စိုးရိမ်တကြီးဖြင့် စောင့်ကြည့်နေမိသည်။

စုန့်ချင်းရှုက လက်နောက်ပစ်ကာ ပြတင်းပေါက်နားသို့ လျှောက်သွားပြီး အပြင်ဘက်ရှိ တိတ်ဆိတ်နေသော ညကောင်းကင်ကြီးကို ကြည့်ကာ စကားလုံးများကို မည်သို့ သုံးနှုန်းရမည်နည်း ဟု စဉ်းစားနေပုံရသည်။

အချိန်အတော်ကြာမှ သူက စကားစပြောလိုက်သည်။ "မနေ့ညက... အဲဒါ မင်းမှန်း ငါ တကယ် မသိခဲ့ဘူး။"

ဟွမ်ရုံ၏ ရင်ထဲတွင် တဒိန်းဒိန်း ခုန်သွားသည်။ 'ဖြစ်ရမယ့် ကိစ္စကတော့ နောက်ဆုံးမှာ ရောက်လာခဲ့ပြီပဲ။'

အရင်က သူမသည် ဖြစ်နိုင်ခြေပေါင်း မြောက်မြားစွာကို တွေးတောထားခဲ့သော်လည်း တကယ်တမ်း ကြုံတွေ့ရချိန်တွင် ထင်သလောက် ဖြေရှင်းရန် မခက်ခဲကြောင်း တွေ့လိုက်ရသည်။ အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးနောက် သူမ ပြန်ဖြေလိုက်သည်။ "ကျွန်မ သိပါတယ်။"

"တကယ်ကို တောင်းပန်ပါတယ်။ ငါက သခင်မထန်လို့ ထင်ပြီး၊ မနေ့ညက အဲဒီလောက်တောင် ကြမ်းကြမ်းတမ်းတမ်း လုပ်ခဲ့မိတယ်။" စုန့်ချင်းရှုက နောက်လှည့်လာပြီး သူမကို အလွန် အားနာနေသည့် မျက်နှာထားဖြင့် ကြည့်ကာ ပြောလိုက်သည်။

'ဒီလို ကိစ္စမျိုးကိုလည်း တောင်းပန်ဖို့ လိုသေးလို့လား။'

ဟွမ်ရုံ ဒေါသထွက်လွန်း၍ သေလုမတတ် ဖြစ်သွားပြီး နှုတ်ခမ်းကို ကိုက်ကာ အေးစက်စွာ ပြောလိုက်သည်။ "မနေ့ညက ကိစ္စတွေကို ကျွန်မ တစ်ခွန်းမှ ထပ်မကြားချင်တော့ဘူး။ အဲဒါက အထင်လွဲမှု တစ်ခု သက်သက်ပါပဲ။ ပြီးသွားတဲ့ ကိစ္စတွေက ပြီးသွားပါပြီ။"

စုန့်ချင်းရှုက သူမ၏ စကားနောက်ကွယ်မှ အဓိပ္ပါယ်ကို ချက်ချင်း သဘောပေါက်သွားသည်။ မနေ့ညက ကိစ္စအတွက် သူ့ကို အပြစ်မတင်တော့သလို ဆက်ပြီးလည်း အရေးမယူတော့ဘူး ဆိုတဲ့ သဘောမျိုး ဖြစ်သည်။ တစ်ခုတည်းသော တောင်းဆိုချက်ကတော့ နှစ်ယောက်စလုံး ဒီကိစ္စကို လုံးဝ မေ့ပစ်လိုက်ဖို့ပဲ ဖြစ်သည်။

"အဲဒါက လှပတဲ့ အထင်လွဲမှု တစ်ခုပါ။" စုန့်ချင်းရှုက သက်ပြင်းချကာ ပြောလိုက်သည်။ "မနေ့ညက အဲဒီ ကောင်းကင်ဘုံ ရောက်သွားသလို ခံစားချက်က ငါ့ရဲ့ အရိုးထဲထိ စွဲနေပါပြီ။ ငါက ဘယ်လိုလုပ် မေ့နိုင်မှာလဲ။"

***

# အခန်း (၇၁၂) စည်းကမ်းချက်များ

*

ဤစကားက ဟွမ်ရုံ၏ ရင်ထဲတွင်လည်း ပဲ့တင်ထပ်သွားသည်။ မနေ့ညက အဖြစ်အပျက်များက တကယ်ကို အရိုးထဲထိ စွဲလောက်အောင် မှတ်မိနေစေသည်။ အကယ်၍ ကိုယ်ကျင့်တရားဆိုင်ရာ အပြစ်ရှိစိတ်များကို ခေတ္တဖယ်ထားမည်ဆိုပါက ထိုအတွေ့အကြုံက အရင်က တစ်ခါမှ မခံစားဖူးသော အလွန် ကောင်းမွန်ပြီး ပျော်ရွှင်စရာ ကောင်းသည့် အရာ ဖြစ်ကြောင်း သူမ ဝန်ခံရမည်။

သို့သော် ဝမ်းနည်းစရာမှာ... မိမိခင်ပွန်းမဟုတ်သော အခြားယောကျ်ား တစ်ဦးထံတွင် အရှက်သိက္ခာ ဆုံးရှုံးခဲ့ရသည်ကို တွေးမိသည်နှင့်၊ ထို သာယာမှုအားလုံးမှာ လိပ်ပြာမလုံသော ဒဏ်ခတ်မှုများအဖြစ်သို့ တစ်ခဏချင်း ပြောင်းလဲသွားတော့သည်။

"မေ့ပစ်လို့ မရရင်တောင်... မေ့ပစ်ရမယ်" ယခုအချိန်တွင် ဟွမ်ရုံ၏ အသံမှာ စောစောကလို တုန်ရီခြင်း၊ တွေဝေခြင်းများ မရှိတော့ဘဲ မျက်တောင် တစ်ခတ် အတွင်းမှာပင် ပြတ်သား တည်ကြည်သော သူဖုန်းစား ဂိုဏ်းချုပ် အဖြစ်သို့ ပြန်လည် ပြောင်းလဲသွားတော့သည်။

"ဝမ်းနည်းစရာ ကောင်းတာက... ငါက မေ့ပစ်ဖို့ လုံးဝ အစီအစဉ် မရှိဘူး။" စုန့်ချင်းရှူက ခေါင်းခါလိုက်သည်။

ဟွမ်ရုံသည် အံတင်းတင်းကြိတ်ထားပြီး သူမ၏ လှပသော မျက်လုံးများ ထဲတွင် ဒေါသမီးများ တောက်လောင်နေသည်။ "မနေ့ညက ရှင် ကျွန်မဆီ

ကနေ အကြီးမားဆုံး အခွင့်အရေးကို ယူသွားတာတောင်၊ ကျွန်မက ရှင့်ကို ဘာမှ အရေးမယူတော့ဘူးလို့ ပြောနေတာကို... ရှင်က ဘာတွေ ထပ်လိုချင် နေသေးတာလဲ။"

"အဲဒီ အခွင့်အရေးက တကယ်ကိုကြီးမားပါတယ်" စုန့်ချင်းရှူက ခေါင်းညိတ်ကာ တစ်ဖက်လူ၏ စကားကို သဘောတူလိုက်သည်။ "ဒါပေမယ့်... ငါ့ရဲ့ လောဘကလည်း အရမ်း ကြီးတယ်"

ဟွမ်ရုံ၏ လက်ဖျား ခြေဖျားများ ချက်ချင်း အေးစက်သွားသည်။ "ရှင် ဘာ ပြောချင်တာလဲ။"

"ရုံအာ... မင်းအပေါ် ထားတဲ့ ငါ့ရဲ့ စိတ်ကို မင်းလည်း သိမှာပါ။" စုန့်ချင်း ရှူ၏ အကြည့်များက မျက်စိရှေ့ရှိ ကြွေပန်းပုရုပ်လေးကဲ့သို့ လှပသော မျက်နှာလေးပေါ်တွင် ရွေ့လျားသွားပြီး ဖန်ဆင်းရှင်၏ အံ့မခန်း လက်ရာကို တိတ်တဆိတ် ချီးကျူးလိုက်မိသည်။ "အရင်တုန်းက မင်းရဲ့ အဆင့်အတန်း ကြောင့် ငါက အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် အတော်လေး ထိန်းချုပ်ထားခဲ့ တယ်။ ဒါကို ရုံအာ ကိုယ်တိုင်လည်း ခံစားမိမှာပါ။"

ဟွမ်ရုံ မျက်နှာလေး ပူထူသွားပြီး မကြားရလောက်အောင် တိုးညင်းသော အသံဖြင့် "အင်း" ဟု တစ်ချက် ထူးလိုက်သည်။

အရင်က သူတို့ နှစ်ဦးကြား ဖြစ်ပျက်ခဲ့သမျှကို ပြန်တွေးကြည့်သောအခါ တစ်ဖက်လူ ပြောသလိုပင် မှန်ကန်နေသည်။ စုန့်ချင်းရှူက မကြာခဏ အဓိပ္ပါယ် နှစ်ခွ ထွက်စေသော အပြုအမူများ လုပ်လေ့ ရှိသော်လည်း အကြောင်းပြချက် တစ်ခုခုကြောင့်သာ လုပ်ခဲ့ခြင်း ဖြစ်ပြီး၊ ယေဘူယျ အားဖြင့်တော့ သူသည် 'ခံစားချက်အပေါ် အခြေခံပြီး စည်းကမ်း ဘောင် အတွင်းမှာသာ နေထိုင်သူ' တစ်ယောက် ဖြစ်ခဲ့သည်။ ထို့ကြောင့်သာ မနေ့ ညက သူမသည် ဘာအကာအကွယ်မှ မပါဘဲ သူ၏ ကုတင်ပေါ်တွင် စိတ်ချ

လက်ချ အိပ်ဝံ့ခဲ့ခြင်း ဖြစ်သည်။

ထိုအကြောင်းကို တွေးမိတိုင်း ဟွမ်ရုံသည် ဒေါသထွက်လွန်း၍ အံကြိတ်မိသည်။ 'အရင်တုန်းက သူ့ရဲ့ လူကြီးလူကောင်း ဟန်ဆောင်မှု အောက်မှာ ငါ တကယ်ကို အလိမ်ခံခဲ့ရတာပဲ။'

"ဒါပေမယ့် မနေ့ညက ကိစ္စတွေ ဖြစ်သွားပြီ ဆိုမှတော့၊ အရင်ကလို ထိန်းချုပ်မှုတွေက ဆက်ပြီး မလိုအပ်တော့ဘူး။" စုန့်ချင်းရှုက ဆက်ပြောလိုက်သည်။

ဟွမ်ရုံ လန့်သွားပြီး အလျင်အမြန် မေးလိုက်သည်။ "ရှင်..ရှင် တကယ် ဘာလုပ်ချင်တာလဲ။"

"ငါ့ရဲ့ မိန်းမ လုပ်ပါ။"

စုန့်ချင်းရှုသည် ခန်းရှီ ဧကရာဇ် အဖြစ်ရော၊ ရွှေမြွေဘုရင် အဖြစ်ပါ အချိန်အတန်ကြာ အာဏာရှိသူ တစ်ယောက် အဖြစ် နေထိုင်ခဲ့သူ ဖြစ်ရာ သူ လေးလေးနက်နက် ပြောလိုက်သောအခါ သူ၏ အသံထဲတွင် ဖော်ပြ၍ မရနိုင်သော ဩဇာအာဏာ တစ်ခု ပါဝင်လာပြီး ငြင်းဆန်၍ မရနိုင်သကဲ့သို့ ဖြစ်နေသည်။

"မဖြစ်နိုင်ဘူး။" ဟွမ်ရုံက ပြတ်သားစွာ ငြင်းဆိုလိုက်သည်။

"ဘာဖြစ်လို့လဲ။" စုန့်ချင်းရှုက တည်ငြိမ်စွာ ပြန်မေးလိုက်သည်။

"ဘာလို့လဲဆိုတော့ ကျွန်မမှာ ခင်ပွန်း ရှိတယ်။ သမီး ရှိတယ်။ ပြီးတော့ ဒီလို ကိစ္စမျိုးကို လောကကြီးက လုံးဝ လက်ခံမှာ မဟုတ်ဘူး..." ဟွမ်ရုံက အလျင်အမြန် ရှင်းပြလိုက်သော်လည်း အကြောင်းပြချက် အနည်းငယ် ပြောပြီးသည်နှင့် သူမကိုယ်သူမ အံ့ဩသွားမိသည်။ 'ငါက ဘာလို့ ဒီလောက်တောင် အသေးစိတ် ရှင်းပြနေရတာလဲ။ ငြင်းတယ် ဆိုရင် ငြင်းတာ

ပဲလေ။ အကြောင်းပြချက်တွေ ပေးနေစရာ လိုလို့လား။'

"မင်းခင်ပွန်း ကိစ္စက ရှင်းရ အရမ်း လွယ်ပါတယ်။ သူသာ သေသွားရင် မင်း နောက်အိမ်ထောင် ပြုတာက သဘာဝ ကျသွားမှာပဲ။" စုန့်ချင်းရှူ၏ အသံထဲတွင် အေးစက်သော အရိပ်အယောင်လေး တစ်ချက် ပါလာသည်။

ဟွမ်ရုံ၏ ရင်ထဲတွင် အေးစက်သွားပြီး အလျင်အမြန် ပြောလိုက်သည်။ "တကယ်လို့ အစ်ကိုကျင့် တစ်ခုခု ဖြစ်သွားမယ် ဆိုရင်... ကျွန်မ လျှာကို ကိုက်ပြီး သတ်သေသွားရင် သေသွားမယ်။ ရှင့်ရဲ့ ဆန္ဒကိုတော့ လုံးဝ ပြည့်ဝ ခွင့် ပေးမှာ မဟုတ်ဘူး။"

စုန့်ချင်းရှူ မျက်နှာ မည်းမှောင်သွားပြီး အချိန်အတော်ကြာမှ သက်ပြင်းချ ကာ ပြောလိုက်သည်။ "ထားလိုက်ပါတော့... ကော်သူရဲကောင်းကြီးက ဘယ်လိုပဲ ဖြစ်ဖြစ် သူရဲကောင်းကြီး တစ်ယောက်ပဲ။ လူဘယ်နှစ်ယောက်ရဲ့ ရင်ထဲမှာ စံပြ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်နေမလဲ မသိဘူး။ ငါ အမြဲတမ်း သူ့ရဲ့ စိတ်ဓာတ်ကို လေးစားခဲ့တာပဲ။ ဒါကြောင့် နတ်ဘုရားတွေရော လူတွေပါ ဒေါသထွက်လောက်မယ့် ကိစ္စမျိုးကို ငါ ဘယ်လိုလုပ် လုပ်ရက်မှာလဲ။ ရုံ အာ... မကြောက်ပါနဲ့။ ငါက ကော်သူရဲကောင်းကြီးကို အောက်တန်းကျတဲ့ နည်းလမ်းတွေ သုံးပြီး ဒုက္ခပေးမှာ မဟုတ်ပါဘူး။"

သူ ဤသို့ ပြောလိုက်သည်ကို ကြားသောအခါမှ ဟွမ်ရုံလည်း သက်ပြင်းချ နိုင်သွားပြီး အလိုအလျောက် ယုံကြည်သွားမိသည်။ ဘာအာမခံချက်မှ မရှိ သော်လည်း စုန့်ချင်းရှူ ပြသခဲ့သော သတ္တိနှင့် ကြီးမြတ်မှုများအရ သူသည် အောက်တန်းကျသော လူယုတ်မာ တစ်ယောက် လုံးဝ မဟုတ်ကြောင်း သူမ ခံစားမိသည်။

"ဟိုတွေးဒီတွေး တွေးကြည့်တော့လည်း... မင်းကို တရားဝင် ရနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းက အရင်က ငါပြောခဲ့သလိုပဲ... ရှန်းယန်မြို့

အောက်ကို စစ်သည်တွေ ခေါ်သွားပြီး အင်အားသုံးပြီး တောင်းတာပဲ။ ကြီးမားတဲ့ အင်အားရဲ့ ရှေ့မှာ လောကရဲ့ ဝေဖန်မှုတွေက ဘာမှ အသုံးမဝင်တော့ဘူးလေ။ ပြီးတော့ အဲဒီလို လုပ်လိုက်ရင် မကောင်းသတင်း အားလုံးကို ငါကပဲ ခံယူရမှာ ဆိုတော့... မင်းတို့ လင်မယား နှစ်ယောက်ရဲ့ နာမည်ကောင်းကို နည်းနည်းလေးမှ ထိခိုက်စေမှာ မဟုတ်ဘူး။" စုန့်ချင်းရှု မျက်မှောင်ကြုတ်ကာ အလွန် ကြိုးစား စဉ်းစားနေသည့် ပုံစံဖြင့် တစ်ယောက်တည်း ရေရွတ်နေသည်။

"ကောင်းပြီလေ... အဲဒီနေ့ ရောက်လာမယ့် အချိန်ကို ကျွန်မ စောင့်နေပါ့မယ်။" ဟွမ်ရုံသည် ထိုနေ့မျိုး ရောက်လာနိုင်ချေမှာ သုည ရာခိုင်နှုန်းခန့်သာ ရှိကြောင်း သိသဖြင့် အချိန်အကန့်အသတ်ကို အဆုံးမရှိ နောက်ဆုတ်ပေးလိုက်ရန် ဝန်မလေးပေ။

စုန့်ချင်းရှုက ခေါင်းခါလိုက်သည်။ "မင်းရဲ့ စိတ်ကို ငါ သိပါတယ်။ ငါက ကြွားလုံးထုတ်နေတယ်လို့ မင်း ထင်နေတာ မဟုတ်လား။ ဒါပေမယ့် ငါ ယုံကြည်တယ်... ဒီလို နေ့မျိုးက သေချာပေါက် ရောက်လာမှာပဲ။ အဲဒီနေ့ကို ရောက်လာဖို့ အတွက် ဆယ်နှစ်... ဒါမှမဟုတ် အနှစ် နှစ်ဆယ်လောက် ကြာသွားရင်... ငါတို့ အားလုံး အိုမင်းသွားကြပြီလေ။ 'ရှေးခေတ်ကတည်းက အလှတရားနဲ့ နာမည်ကြီး စစ်သူကြီးတွေဟာ လောကကြီးမှာ ဆံပင်ဖြူလာတဲ့ အထိ အသက်ရှင်ခွင့် မရကြဘူး' ဆိုတဲ့ စကား ရှိတယ် မဟုတ်လား ငါ အဲဒီလောက် အကြာကြီး မစောင့်နိုင်ဘူး။"

ဟွမ်ရုံက အလိုအလျောက် နောက်သို့ တစ်လှမ်း ဆုတ်လိုက်သည်။ "ရှင် တကယ် ဘာလိုချင်နေတာလဲ။"

စုန့်ချင်းရှုက လေးနက်သော အသံဖြင့် ပြောလိုက်သည်။ "ငါ့ရဲ့ တရားဝင် မိန်းမ ဖြစ်ဖို့ကတော့... နောက်ထပ် ဆယ်နှစ်လောက် ကြာကောင်း ကြာ

လိမ့်မယ်။ ဒါပေမယ့်... တိတ်တိတ်ပုန်း ချစ်သူ အနေနဲ့ ဆိုရင်တော့... အခု အချိန်က စပြီး ဖြစ်လို့ ရနေပါပြီ။"

ဟွမ်ရုံမှာ ဒေါသထွက်လွန်း၍ ရယ်တောင် ရယ်ချင်သွားသည်။ "ဘာ အခွင့်အရေးနဲ့လဲ။ ရှင့်ကိုယ်ရှင် ဘယ်သူလို့ ထင်နေတာလဲ။"

"ငါ ဘာ အခွင့်အရေး ရှိလဲ ဆိုတာ မင်း သိပါတယ်။" စုန့်ချင်းရှု၏ မျက်နှာထားမှာ အလွန် တည်ငြိမ်နေပြီး သာမန် ကိစ္စတစ်ခုကို ပြောနေသကဲ့သို့ပင်။

ဟွမ်ရုံ ချက်ချင်း ငြိမ်သက်သွားသည်။ အကြောင်းမှာ စုန့်ချင်းရှု ပြောသည်မှာ အမှန်ပင် ဖြစ်ကြောင်း သူမ သိသောကြောင့် ဖြစ်သည်။ သူ၏ သိုင်းပညာ၊ 'ယင်ကိုးပါးသိုင်းကျမ်း' ထဲရှိ စိတ်ညှို့ပညာနှင့် ယခု အစ်ကိုကျင့်၏ အသက်အန္တရာယ်က သူ၏ လက်ထဲတွင် ရှိနေခြင်းတို့ကြောင့်၊ အကယ်၍ စုန့်ချင်းရှုကသာ သူမ၏ ခန္ဓာကိုယ်ကို တကယ် အလိုရှိလာပါက သူမ အနေဖြင့် လုံးဝ ပြန်လည် ခုခံနိုင်စွမ်း မရှိကြောင်းကို ဝန်ခံရပေမည်။

အရင်ကဆိုလျှင် သူမသည် အလွန် ဆိုးရွားသော အခြေအနေမျိုးရောက် နေလျှင်ပင်၊ သူမ၏ ဉာဏ်ပညာကို အသုံးပြုပြီး ဖြေရှင်းနိုင်မည့် နည်းလမ်း ကို ရှာဖွေနိုင်သေးသည်။ သို့သော် မနေ့ညက ကိစ္စများ ဖြစ်ပျက်ပြီး နောက်တွင်တော့ ထိုအရာများ အားလုံးက ဘာအဓိပ္ပါယ်မှ မရှိတော့ပေ။ သူမ၏ စင်ကြယ်မှုက ပျက်စီးသွားခဲ့ပြီပဲ... တစ်ခါ ပိုတာနဲ့ တစ်ခါ လျော့ တာ ဘာများ ကွာခြားသွားမှာမို့လို့လဲ?

"ရုံအာ... မင်းက ဉာဏ်ကောင်းတဲ့ မိန်းမ တစ်ယောက်လို့ ငါ ယုံကြည် တယ်။ ကိုယ့်သဘောနဲ့ကိုယ် သဘောတူတာနဲ့... ငါက အတင်း အကျပ် လုပ် ရတာ... ဘယ်လို ကွာခြားချက် ရှိလဲ ဆိုတာကို သေချာ သိမှာပါ။" စုန့်ချင်းရှု က သူမကို အဓိပ္ပါယ်ပါပါ တစ်ချက် စူးစိုက်ကြည့်လိုက်သည်။

"ရှင်က တကယ့် မိစ္ဆာကောင်ပဲ။" ဟွမ်ရုံ တစ်ကိုယ်လုံး တုန်ရီနေသည်။ "ရှင့်ရဲ့ မျက်နှာအစစ်အမှန်ကို အစောကြီး ကတည်းက ဘာလို့ မသိခဲ့ရတာလဲ။"

စုန့်ချင်းရှု က အနည်းငယ် ပြုံးလိုက်ပြီး "အဲဒါက ငါ အရင်တုန်းက မင်းကို ဒီလို နည်းလမ်းတွေ မသုံးရက်လို့လေ။ မင်းရှေ့မှာ ငါ့ရဲ့ မိစ္ဆာကောင် ပုံစံ အစစ်အမှန် ကို တကယ် ထုတ်ပြရတဲ့အထိ ငါ့ကို တွန်းမပို့ဖို့ မျှော်လင့်ပါတယ်။" ဟု ပြောလိုက်သည်။

ဟွမ်ရုံ တစ်ယောက် ထပ်မံ ငြိမ်သက်သွားပြန်သည်။ အချိန်အတော်ကြာမှ သူမက ပြောလိုက်သည်။ "ကျွန်မ ရှင့်ကို သဘောတူပေးလို့ ရပါတယ်။ ဒါပေမယ့်... ရှင် ကျွန်မရဲ့ စည်းကမ်းချက် အနည်းငယ်ကို လက်ခံပေးရမယ်။"

စုန့်ချင်းရှုက လက်ဖျောက် တစ်ချက် တီးလိုက်သည်။ "ရုံအာက တကယ်ကို ဉာဏ်ကောင်းတာပဲ။ တကယ်လို့ မင်းက ငါ အတင်းအကျပ် လုပ်ရတဲ့ အထိ ရောက်အောင် လုပ်ခဲ့မယ် ဆိုရင်... ငါနဲ့ စည်းကမ်းချက် ညှိနှိုင်းဖို့ အခွင့်အရေး ရမှာ မဟုတ်တော့ဘူး။ ပြောလေ... ဘာစည်းကမ်းချက်လဲ။ အရမ်း မလွန်ကဲဘူး ဆိုရင်... အားလုံးကို ငါ စဉ်းစားပေးပါ့မယ်။"

"ပထမအချက်... အစ်ကိုကျင့်ရဲ့ လုံခြုံရေးကို အာမခံရမယ်။ သူ့ကို ဘာ အန္တရာယ်မှ မပေးရဘူး။"

"ရတယ်။" စုန့်ချင်းရှုက လွယ်လွယ်ကူကူပင် သဘောတူလိုက်သည်။

"ဒုတိယအချက်... ဒီကိစ္စကို ရှင်ရယ်၊ ကျွန်မရယ် နှစ်ယောက်တည်းပဲ သိရမယ်။ တတိယ လူတစ်ယောက်ကို လုံးဝ မပြောပြရဘူး။ ရှင့်ရဲ့ အရင်းနှီးဆုံး လူတွေကိုတောင် မပြောရဘူး။" ဟွမ်ရုံ၏ မျက်နှာထားကလည်း တဖြည်းဖြည်း တည်ငြိမ်လာပြီး မိမိနှင့် လုံးဝ မသက်ဆိုင်သော ကိစ္စ တစ်ခုကို ပြောနေသကဲ့သို့ ဖြစ်လာသည်။

"မင်းတို့ လင်မယားရဲ့ ဆက်ဆံရေးကို ဖျက်ဆီးချင်လို့ ငါက ကော် သူရဲကောင်းကြီးကို တမင်တကာ သိအောင် လုပ်မှာ စိုးလို့ မဟုတ်လား။" စုန့်ချင်းရှူက ရယ်မောလိုက်သည်။ "စိတ်ချပါ... ငါ အဲဒီလို လုံးဝ မလုပ်ဘူး။ တကယ်လို့ သူ သိသွားရင် သိပ်ပြီး ပျော်စရာ မကောင်းတော့ဘူးလေ။"

"တခြား လူတွေကိုလည်း မပြောရဘူး။ ဥပမာ... ကျိုးမိန်းကလေးတို့၊ အားကျိုးတို့ ကိုလည်း မပြောရဘူးနော်။" ဟွမ်ရုံက နှုတ်ခမ်းကို ကိုက်ကာ ထပ်ဖြည့်ပြောလိုက်သည်။

"ကောင်းပြီ။ နောက်ထပ် ရှိသေးလား။" စုန့်ချင်းရှူက ပြုံးပြီး မေးလိုက်သည်။

"တတိယအချက်... ကျွန်မတို့ရဲ့ ဒီဆက်ဆံရေးက ခိုင်ဖုန်းမြို့ထဲမှာပဲ အကျုံးဝင်မယ်။ ဒီကနေ ထွက်သွားပြီးရင်... ရှင် ကျွန်မရဲ့ ဘဝကို လာပြီး မနှောင့်ယှက်ရတော့ဘူး။" ဟွမ်ရုံက သူ့ကို တည်ငြိမ်စွာ စူးစိုက်ကြည့်နေသည်။

***